# သဲပုံကျေးရွာ

# လောင်းလုံးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သဲပုံကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **သဲပုံကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၇ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၇ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၄ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၇ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၈ |
| | **နောက်ဆက်တွဲ** (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၃၉ |
| | နောက်ဆက်တွဲ (၄) စီမံချက်အဆိုပြုလွှာ (၁) | ၄၂ |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ (၂) | ၄၄ |
| | နောက်ဆက်တွဲ (၆) စီမံချက်အဆိုပြုလွှာ (၃) | ၄၆ |
| | | |
| | | |
| | | |
| | | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြ ကူညီပံ့ပိုး ပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်း ဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်

သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင် မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြ ထားပါသည်။


**၂၀၁၈ခုနှစ်၊ ဩဂုတ်လ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**သဲပုံကျေးရွာ**

**လောင်းလုံးမြို့နယ်**

## သဲပုံကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



# အပိုင်း (က)

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့ နှင့် နယ်နိမိတ်ချင်း ဆက်စပ် နေသော ဒေသတစ်ခုဖြစ်ပါသည်။ လောင်းလုံးမြို့ သည် တနင်္သာရီတိုင်းဒေသကြီး၏မြောက်ဘက်ပိုင်းတွင်တည်ရှိပြီးရေဖြူမြို့နယ်၊ထားဝယ်မြို့နယ် များ နှင့်ထိစပ်လျက်ရှိပါသည်။

သဲပုံကျေးရွာသည်ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ သာယာကုန်းကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ထားဝယ်မြို့မှ (၆)မိုင် အကွာတွင် ရှိပြီး လောင်းလုံးမြို့နှင့် (၁၀)မိုင်ကွာဝေးပါသည်။ ခရီးအကွာအဝေး အတော်အတန် မဝေးကွာလှသဖြင့် ကွာဝေးသဖြင့် နေ့ချင်းပြန်ပင်သွားရောက်ကြပြီး ကုန်စည်စီးဆင်းမှုမှာ အဆင်ပြေချောမွေ့ ပါသည်။ အရှေ့ဘက်တွင် သာယာကုန်းကျေးရွာရှိပြီး အနောက်ဘက်တွင် တောင်တန်းများဖြင့် ဝန်းရံထားပါသည်။ သဲပုံကျေးရွာတွင် ရာဘာလုပ်ငန်း၊ ဥယျာဉ်ခြံ လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ်၏ (၂၀၁၈) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၀) ရက်နှင့် မိုးရေချိန်မှာ (၁၈၄.၇၂) လက်မ အထိ ဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှအပူချိန်မှာ(၂၈)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ **သဲပုံကျေးရွာတွင် ဓာတ်သတ္တု အရင်းအမြစ်များ ရရှိနိုင်မှုမှာ မရှိသလောက် နည်းပါးပြီး အသုံးပြုနိုင်မှုမှာလည်း ခက်ခဲပါသည်။ တိရစ္ဆာန်မျိုးစိတ်များအနေဖြင့် သင်းခွေချပ်၊ ချေ၊ တောဝက်နှင့် ဖွတ်များကို တစ်ခါတစ်ရံတွေ့ရတတ်ပါသည်။ ထို့အပြင် လူ၊ တိရစ္ဆာန်တို့အတွက် အသုံးဝင်သော အပင်မျိုးစိတ်များမှာ ရရှိနိုင်မှု အနည်းငယ်ရှိသော်လည်း တောနက်၊တောင်များကို ဖြတ်သန်း သွားရသဖြင့် အသုံးပြုနိုင်မှု ခက်ခဲပါသည်။**

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

သဲပုံကျေးရွာ၏ လူမှုရေး၊ ငွေရေးကြေးရေး၊ သာရေး နာရေး၊ ဘာသာရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး ဘေးကင်း လုံခြုံရေး တို့အတွက် ရည်ရွယ်၍ နာရေးကူညီမှုအသင်း၊ အပျို/လူပျိုအဖွဲ့၊ မြတ်ဒါနအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့၊ လူလတ်အဖွဲ့၊ မီးသတ်အဖွဲ့နှင့် မိဆရာအသင်း စသည်ဖြင့် အဖွဲ့များအားလုံးသည် ကျေးရွာအတွက် သက်ဆိုင်ရာဘက်များမှ အားကောင်းစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ နာရေးကူညီမှု အသင်း၊ အပျို/လူပျိုအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လူလတ်အဖွဲ့တို့သည် ကျေးရွာ၏ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးအတွက် စွမ်းဆောင်ရည် ပြည့်ဝစွာ ပါဝင်ကြပါသည်။ မြတ်ဒါန ပရဟိတ အသင်းမှာ လူငယ်၊ လူလတ်များဖြင့် အစိအဖွဲ့စည်းထားပြီး

ဘာသာရေးနှင့် သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးကိစ္စ ရပ်များတွင် ဆောင်ရွက်ရာ၌ အင်တိုက်အားတိုက် ပါဝင်ကြပါသည်။ အထူးသဖြင့် စနေနေ့ အပတ်စဉ်တိုင်းတွင် ဓမ္မစကူးလ်ကျောင်းသားများအား ယဉ်ကျေးမှုစာပေများ သင်ကြားခြင်း၊ အာဟာရများကျွေးမွေးခြင်း၊ ကျေးရွာဘုရားပွဲတော်များဆောင်ရွက်ရာ၌ ဦးဆောင်ဦးရွက် ပါဝင်ကြပါသည်။ ဂေါပကအဖွဲ့မှာ ဘာသာရေး ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အသင့်အတင့် ကောင်းမွန်ပြီး ရန်ပုံငွေများအား ငွေထုတ်ချေးခြင်းကိုလည်း ပြုလုပ်ပါသည်။မီးသတ်အဖွဲ့မှာ အုပ်စုခွဲကျေးရွာ ဖြစ်သည့် အတွက် အဖွဲ့ဝင်နည်းပြီး စွမ်းဆောင်ရည်လည်း နည်းပါသည်။ မိဘဆရာအသင်းမှာ မိဘနှင့် ဆရာ ပူးပေါင်းမှုရှိပြီး စွမ်းဆောင်ရည် အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာပြင်ပ အဖွဲ့အစည်းများအနေဖြင့် ရွှေနန်းတော်ငွေချေးကုမ္ပဏီနှင့် ဝေါ်မီရှင် အဖွဲ့ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင် ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ ကျေးရွာသား များကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ် ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုး ရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများ အားသက်ဆိုင်ရာ ဦးစီးဌာနများ ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံမှာ ရာဘာဖြစ်သည်။ ကျေးရွာတွင် ရာဘာစိုက်ခင်း (၂၀၀)ဧက ရှိပြီး ထွက်နှုန်းမှာ (၁)ဧကလျှင် (၅၀၀)ပေါင်မှ (၈၀၀)ပေါင်အထိ ထွက်ရှိပါသည်။ အများအားဖြင့် ရာဘာ(အပင်ရိုင်း)များအား စိုက်ပျိုးကြပြီး မျိုးကောင်း မျိုးသန့်စိုက်ပျိုးမှု နည်းပါးပါသည်။ထို့ကြောင့် အထွက်နှုန်းနည်းပြီး အရည်အသွေး ညံ့သဖြင့်ဈေးကောင်းရရှိရန် ခက်ခဲပါသည်။ ဒုတိယစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး (၅၈)ဧကခန့်စိုက်ပျိုး ကြပါသည်။ စပါးထွက်နှုန်းမှာ မြေဆီလွှာအရည်အသွေး ညံ့ဖျင်းသဖြင့် အကျိုးအမြတ် ရရှိမှုမှာ အသင့်အတင့်သာ ရှိပါသည်။ အခြားခြံထွက်သီးနှံများမှာ ကွမ်းသီးနှင့် ဒညင်းသီး အနည်းငယ်ထွက်ရှိပါသည်။ ရာသီပေါ်သီးနှံများ အနေဖြင့် ခရမ်းသီး၊ ပန်းဂေါ်ဖီ၊ ငရုတ်သီး၊ ချဉ်ပေါင်ရွက်၊ ပြောင်းဖူး၊ ခရမ်းကျွတ်သီး၊ ခရမ်းချဉ်သီး၊ ကွမ်းရွက်၊ ကန်စွန်းရွက်၊ ရုံးပတီသီး တို့ကို စိုက်ပျိုးကြပါသည်။ ရာသီပေါ်သီးနှံများကို လယ်ထဲတွင်လည်းကောင်း၊ ဥယျာဉ်ခြံတွင် လည်းကောင်း စိုက်ပျိုးကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ မြေလွတ်မြေလပ်များတွင် နှစ်ရှည်သီးနှံများစိုက်ပျိုးရန်အတွက် မြေနေရာများ၊ ရေများ လုံလောက်စွာရှိသော်လည်း စိုက်ပျိုးရန် နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ ရရှိမည်ဆိုပါက သီးနှံအထွက်တိုးကာ မိသားစု အပိုဝင်ငွေ ရရှိလာမည်ဖြစ်ပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် စီးပွားအဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နည်းပါးပါသည်။ ကျေးရွာတွင် အိမ်ထောင်စုစာရင်း ကောက်ယူမှုအရ နွားမွေးမြူရေးလုပ်ကိုင်သူ (၁၁)ဦးရှိပြီး (၂၈)ကောင်ရှိပါသည်။ ဝက်ကိုစီးပွားအဖြစ် မွေးမြူသူ (၂)ဦးရှိပြီး (၄၄)ကောင်ရှိသည်။ ကြက်မွေးမြူသူ အနည်းငယ်ရှိပြီး တပေါင်း၊တန်ခူးလများတွင် ကြက်နာ၊ဝက်နာများ ကျရောက်သဖြင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အရင်းအနှီးများ ဆုံးရှုံးရပါသည်။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းအား လုပ်ကိုင်သူများ နည်းပါးကြပါသည်။ ကျေးရွာတွင် ပင်လယ်ရေကြောင်းများမရှိပါသဖြင့် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများလည်း မရှိ ပါ။

### (ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဒီဇယ်ဖြင့် လျှပ်စစ်ဓါတ်အားပေး လုပ်ငန်း ၊ လက်သမား၊ပန်းရံ၊ လက်လီလက်ကားရောင်းဝယ်ရေး၊ ပညာရေးဝန်ထမ်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ နေ့လုပ်နေ့စား ကျပန်းအလုပ်သမားများ စသည် တို့ကိုလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ မိန်းကလေးအများစုသည် ထားဝယ်မြို့ သီဟိုဠ်စေ့ စက်ရုံများမှ သီဟိုဠ်စေ့များကို တစ်ကီလိုလျှင် (၅၃၀)ကျပ်နှုန်းဖြင့် အခွံခွာကြပါသည်။ တစ်နေ့လျှင် အနည်းဆုံး (၁၀)ကီလိုမှ (၁၂)ကီလိုအထိ ပြီးကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ အမျိုးသမီးများအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေ ရရှိနိုင် ပါသည်။ အချို့မှာ အုတ်လုပ်ငန်းများတွင် နေ့စားအလုပ်သမားများလုပ်ကာ စီးပွားရှာကြပါသည်။ ကျေးရွာ၏ လူငယ်ပိုင်းအများစုမှာ ရွှေ့ပြောင်းလုပ်သားများဖြစ်ကြပြီး ထိုင်း၊မလေးရှား နိုင်ငံများတွင် လုပ်ကိုင်စားသောက်ကြပါသည်။ အများအားဖြင့် ပန်းရံ၊ ရာဘာ၊ ရေလုပ်ငန်း၊ ငါးမွေးမြူရေး၊ ကြက်မွေးမြူရေး၊ စတီးသံပန် စသည်တို့ကို လုပ်ကိုင်ကြပြီး မိသားစုများထံ ငွေများ ပို့ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် ရွှေ့ပြောင်းလုပ်သားများ လျော့ချနိုင်ရေးနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရေးအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့် အသေးစား စက်ရုံ၊အလုပ်ရုံများ ဆောင်ရွက်ရန် လိုအပ်နေပါသည်။

### (ဆ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

သဲပုံကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း မရှိပါ။ ပုံစံ(၇)ရှိသော လယ်သမားများမှာ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးငွေ ရရှိပါသည်။ ထို့အပြင် ကျေးရွာတွင် နာရေးကူညီမှုအဖွဲ့တွင် ချေးငွေယူသူ (၁၂)ဦးရှိပြီး ဂေါပကအဖွဲ့တွင် ငွေချေးသူ (၅၀)ဦးရှိပါသည်။ အပိုု/လူပိုုအဖွဲ့မှလည်း ငွေကြေးဆိုင်ရာဝန်ဆောင်မှု အနည်းငယ်ရှိပြီး ကျေးရွာထဲတွင် အတိုးနှုန်းမှာ (၃%)ဖြစ်ပါသည်။ ထို့အပြင် ကျေးရွာပြင်ပမှ ရွှေနန်းတော် အသေးစား ငွေကြေးဝန်ဆောင်မှုတွင် ငွေချေးယူသူ (၃၀)ဦးရှိပါသည်။ အတိုးအရင်း ပြန်လည်ပေးဆပ်မှုမှာ အရင်း(၃၀၀၀၀၀)လျှင် (၁၅)ရက်တစ်ကြိမ် အတိုး၊ အရင်း စုစုပေါင်း (၁၃၈၀၀)ကျပ်ပေးရပြီး အလှည့်ကျစနစ်ဖြင့် ထုတ်ချေးပေး ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့

ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုများ အတိုးနှုန်းသက်သာစွာ ရရှိနိုင်ရေးအတွက် မြစိမ်းရောင်စီမံကိန်း လျှောက်ထားတင်ပြရန် လိုအပ်နေပါကြောင်း တွေ့ရှိရပါသည်။ အတိုးနှုန်း သက်သာသော ချေးငွေများ ရရှိလာမည်ဆိုပါက စိုက်ပျိုးရေး လုပ်ကိုင်လိုသူများ၊ မွေးမြူရေးလုပ်ကိုင်လိုသူများ၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင် လိုသူများနှင့် အရောင်းအဝယ် လုပ်ကိုင်လိုသူများအတွက် အဆင်ပြေလာမည် ဖြစ်ပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

သဲပုံ ကျေးရွာတွင် ကျေးရွာတွင်းလမ်းသွယ် (၃) ခုရှိပြီး မြေသား လမ်းများဖြစ်ကြပါသည်။ မြေသားလမ်းများမှာ ဂဝံမြေများ မဟုတ်သည့်အတွက် မိုးရာသီတွင် ရွှံ့နွံများ ပြည့်နှက်နေပါသည်။ ထို့အပြင် လမ်းများမှာ ကျဉ်းမြောင်းပြီး(၁၄)ပေ ခန့်သာ ရှိပါသည်။ လမ်းကျဉ်းမြောင်းသည့်အတွက် ဆေးရုံဆေးခန်းများသို့ သွားရာတွင် လည်းကောင်း၊ အရေးပေါ် အခြေအနေများနှင့် ကြုံတွေ့လျှင် သော်လည်းကောင်း၊ သာရေးနာရေး ကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်းကောင်း အချိန်ကြန့်ကြာကာ အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။ သာဓကအနေဖြင့်- သဲပုံကျေးရွာချင်းဆက်လမ်းမှာ (၄၆၀၀)ပေ ရှိပြီး လမ်းအကျယ် (၁၈)ပေရှိကာ မြေသားလမ်းဖြစ်ပါသည်။ ၎င်းလမ်းအား မိုးရာသီတွင် တောင်သူ လယ်သမားက လယ်လုပ်ရန် ထွန်စက်များ ဖြတ်သန်း မောင်းနှင်းခြင်း၊ လမ်းနိမ့်ခြင်း၊ ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ရေမြောင်းများတိမ်ခြင်းတို့ကြောင့် လမ်းပေါ်တွင်ရေများကျော်ကာ လမ်းပျက်စီးရပါသည်။ ထို့ကြောင့် အလယ်တန်းနှင့် အထက်တန်းကျောင်းသား/ကျောင်းသူ များ ကျောင်းသို့သွားရာတွင်လည်းကောင်း၊ ကုန်ပစ္စည်းများ ရောင်းချရာတွင်လည်းကောင်း၊ လူမှုရေးကိစ္စများဆောင်ရွက်ရာတွင်လည်းကောင်း၊ ကျန်းမာရေးကိစ္စများ ဆောင်ရွက်ရာတွင်လည်းကောင်း အခက်အခဲများ နှင့် ကြုံရပါသည်။ လမ်းပျက်စီးပါက ကျေးရွာသူ/သားများသည် တစ်နှစ်လျှင်(၂)ကြိမ် ပြုပြင် ဖာထေးကြပါသည်။ ထို့ကြောင့် ကျေးရွာတွင်း လမ်းများ နှင့် ကျေးရွာချင်း ဆက်လမ်း အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်လိုကြသည်။ သဲပုံကျေးရွာတွင် (၁၂×၂×၂) ပေ ရှိသော ရေပြွန်(၁)စင်း၊ (၁၄×၂×၂)ပေ ရှိသော ရေပြွန်(၂) စင်း၊ (၁၄×၄×၄)ပေရှိ ကွန်ကရစ်တံတား(၁)စင်း၊ (၁၂×၁၀×၁၀)ရှိ ကွန်ကရစ် တံတား (၁)စင်းနှင့် (၁၂×၅×၅) ရှိ တံတား(၁)စင်း စုစုပေါင်းရေပြွန်နှင့် တံတားအရေအတွက် (၆)စင်းရှိပြီး တံတားများအား တည်ဆောက်သောခုနှစ်မှာ ကြာညောင်းနေပြီဖြစ်သဖြင့် အရည်အသွေးညံ့ဖျင်းနေပြီး ပြုပြင်ရန် တံတားများသည် ပြုပြင်ရန် လိုအပ်နေပါသည်။ ကျေးရွာနှင့် ထားဝယ်မြို့သို့ သွားလာရာတွင် ကား၊သုံးဘီးဆိုင်ကယ်နှင့်မော်တော် ဆိုင်ကယ်များကိုသာ ဦးစားပေး အသုံးပြု သွားလာကြသည်။ ကျေးရွာထွက်ကုန် ပစ္စည်းများ ကို သယ်ယူ ပို့ဆောင်ရာတွင် ထော်လာဂျီနှင့် သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်များကို အဓိကထား၍ အသုံးပြုကြ သည်။ စက်ဘီးများကိုမူ ကျောင်းသူ/သားများ ကျောင်းသွား

ကျောင်းပြန် ပြုလုပ်ရာတွင်လည်းကောင်း၊ ကျပန်းအလုပ်သမားများ အလုပ်သွားရာတွင် လည်းကောင်း အများဆုံးအသုံးပြုကြပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၂၅)ရှိသည့်အနက် မဟာဓါတ်အားလိုင်း ရရှိမှုမှာ (၅၀)အိမ်ထောင်စုသာရှိပါသည်။ ကျန်အိမ်ထောင်စုများအနက် (၇၂)အိမ်ထောင်စု မှာ ဒီဇယ်အင်ဂျင်ဖြင့် လျှစ်စစ်မီးကို တစ်ယူနစ်လျှင် (၇၀၀) ကျပ်နှုန်းဖြင့် သုံးစွဲကြပါသည်။ ထို့အပြင် ဆိုလာစနစ်သုံးစွဲသူ အနည်းငယ်နှင့် ငွေကြေးမတတ်နိုင်သော အိမ်ထောင်စု အနည်းငယ်မှာ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးတို့ကို သုံးစွဲကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် မဟာဓါတ်အားလိုင်း ဝင်ရောက်နေပြီး ကျန်ရှိနေသော အိမ်ထောင်စု (၇၀)ကျော်မှာ လည်း လမ်းမီးကြိုးများ တပ်ဆင်ထားပြီးဖြင့်သဖြင့် လျှပ်စစ်မီး ရရှိရန် အခွင့်အလမ်းများရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

သဲပုံကျေးရွာသည် ဖုန်းတာဝါတိုင် စိုက်ထူထားသောနေရာနှင့် ဝေးကွာ လှသဖြင့် ဖုန်းလိုင်းသိပ်မကောင်းလှပါ။ လိုင်းမမိသောနေရာများလည်း ရှိပါသည်။ သို့သော် ကျွန်ုပ်တို့ကျေးရွာ၏ ကျေးရွာအုပ်စုဖြစ်သော သာယာကုန်း ကျေးရွာတွင် ဖုန်းတာ ဝါတိုင်စိုက်ထူမည်ဖြစ်သဖြင့် ဆက်သွယ်ရေးပိုမို အဆင်ပြေလာပါမည်။ တီဗွီနှင့် စလောင်း များလည်း အိမ်တိုင်းလိုလိုရှိသော်လည်း သတင်းအချက်အလက်နှင့် နည်းပညာကြည့်ရှု မှုနှုန်းမှာ နည်းပါးပါသည်။ ထို့ကြောင့် သတင်းအချက် အလက်နှင့် နည်းပညာရရှိမှု၊ ကျန်းမာရေး ဆိုင်ရာအသိပညာများ၊ စိုက်ပျိုး/မွေးမြူရေးဆိုင်ရာ အသိပညာ ဗဟုသုတများ လေ့လာလိုက်စားမှု ပိုမိုလာစေရေးအတွက် စာပေဟောပြောပွဲများ၊ အသိပညာပေး ဟောပြော ပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။ ရေဒီယို သုံးစွဲမှုနှုန်းမှာ အနည်းငယ်ရှိပါသည်။ ဂျာနယ်နှင့် သတင်းစာ ရရှိမှုမှာ ထားဝယ်မြို့နှင့် နီးသဖြင့် ရရှိရန် လွယ်ကူပါသည်။

**၆။ ပညာရေး**

သဲပုံကျေးရွာတွင် မူလတန်းကျောင်း (၁) ကျောင်း ရှိပါသည်။ ကျောင်း၏ အရွယ် အစားမှာ (၆၀'×၃၀')ရှိသော တစ်ထပ်တိုက်ပုံစံ ဖြစ်ပါသည်။ ကျောင်းတွင် အစိုးရခန့် ဆရာမ(၄)ဦးနှင့်ကျေးရွာခန့် ဆရာမ (၁)ဦးရှိပါသည်။ ကျောင်းသူ/သားမှာ (၇၀)ဦးခန့်ရှိပြီး (အ.မ.က)ကျောင်း နံဘေးတွင် မူကြိုကျောင်း ရှိပါသည်။ ကျောင်းအိမ်သာ(၁)လုံးရှိပြီး ကျန်းမာရေးနှင့် ညီညွတ်မှု မရှိပါ။ ထို့ကြောင့် ကျောင်းသား/သူများ ဝမ်းပျက်ဝမ်းလျှော ရောဂါများဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း တွေ့ရပါသည်။ ယခုအခါတွင် ကျောင်းသား ဦးရေများပြားလာပြီး ကျောင်းအဆောက်အအုံနှင့် ကျောင်းသုံး ပရိဘောဂများလည်း လုံလောက်မှုမရှိပါ။ ကျောင်းသားများ ကျန်းမာကြံ့ခိုင်ရေးအတွက် ကစားစရာပစ္စည်းများ

အသင့်အတင့် ရရှိပြီး အာဟာရတိုက်ကျွေးမှုများ မရှိပါ။ ကျေးရွာမူကြိုကျောင်းမှာ မူလတန်းကျောင်းနံဘေးတွင် ရှိသဖြင့် ကျောင်းသားမိဘများအတွက် အကြိုအပို့ပြုလုပ်ရန် အဆင်ပြေပါသည်။ ကျောင်းသား/သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကျောင်းခြံဝင်းထဲတွင် ရေတွင်း မရှိသဖြင့် ကျောင်းနံဘေးအိမ်များတွင် ခပ်ကြရပါသည်။ ကျောင်းသားများအတွက် အန္တရာယ်ရှိပါသည်။ ထိုကြောင့် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် (၄ ’ ၀) ရှိသော လက်တူးတွင်း တူးဖော်မည် ဆိုပါက ကျောင်းသားများ အန္တရာယ်ကင်းကာ အဆင်ပြေလာပါမည်။ အလယ်တန်း အဆင့် ပညာရေးအား ကျေးရွာမှ ( ၇)မိုင်ခန့်ရှိသော ထားဝယ်မြို့ရှိ(အ.ထ.က မြောင်းပုလဲ)ကျောင်းတွင် စက်ဘီးများဖြင့် သွားရောက်ပြီး ပညာသင်ယူကြပါသည်။ ရေဖြူကျေးရွာ အထက်တန်း စာသင်ကျောင်း သို့ သွားရောက်၍ သင်ယူရပါသည်။ မိုးရာသီတွင် လမ်းများပျက်စီးပါသဖြင့် သွားရေးလာရေး ခက်ခဲ ပါသည်။ ထိုကြောင့် စားဝတ် နေရေး အဆင်မပြေသော စီးပွားရေးအခက်အခဲ ရှိသော အိမ်ထောင်စုများတွင် မူလတန်းပညာကိုသာ သင်ယူကြ ရသဖြင့် မူလွန်ပညာကို မရရှိပါ။ ယောကျ်ားကလေးအများစုမှာ ကျောင်းထွက် ၍ လက်သား၊ ပန်းရံလုပ်ငန်း(သို့မဟုတ်) ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူများ များပါသည်။ မိန်းကလေးများမှာမူ ဈေးရောင်းခြင်း၊ သီဟိုဠ်အစေ့ခြစ်ခြင်း၊ အုတ်ဖိုများတွင်လုပ်ခြင်း စသည်တို့ဖြင့် အသက်မွေးဝမ်းကျောင်း ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာ တွင် ဘွဲ့ရပညာတတ်ဦးရေ နည်းရခြင်း ဖြစ်ပါသည်။ ထိုကြောင့် သဲပုံကျေးရွာ တွင် ကျေးရွာမူလွန် ကျောင်းအဆင့်မြှင့်တင်ပေးရန်နှင့် ပညာရေးအသိပညာ ဟောပြောပွဲများပြုလုပ် ပေးရန် လိုအပ်နေပါသည်။

## ၇။ ကျန်းမာရေး

သဲပုံကျေးရွာသည် အုပ်စုခွဲကျေးရွာဖြင့်သဖြင့် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာ နေပြည်သူများ ကျန်းမာရေးဝန်ဆောင်မှု ရရှိရန် ကမြောကင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားကြပါသည်။ ကမြောကင်းကျေးရွာမှာ ကျေးရွာသည် ကျေးရွာမှ (၃)မိုင်ခန့်ကွာဝေးပါသည်။ ထိုဆေးပေးခန်းတွင် အခန်း၊ ကုတင်နှင့် ဆေးဝါးများ လုံလောက်မှုမရှိပါ။ အနီးအနားရှ ိကျေးရွာများတွင် ဆေးဝါးရောင်းချသော ဆိုင်များလည်း မရှိပါ။ ကမြောကင်းကျေးရွာ ကျန်းမာရေးဌာနမှ ဆရာမသည် ကိုယ်ဝန်သည်များနှင့် ကလေးများအား ပေါင်ချိန်ခြင်း၊ သံဓါတ်အားဆေးများ တိုက်ကျေါးခြင်း၊ မေးခိုင် ကာကွယ်ဆေးထိုးနှံခြင်းတတို့ကို ဆောင်ရွက်ပေးပါသည်။ အာဟာရမှတ်တမ်းယူမှုနှင့် အခြားစုပေါင်းကာကွယ်ဆေး ထိုးနှံမှုတို့အတွက် ကမြောကင်းကျေးလက်ဆေးပေးခန်းသို့ သွားကြပါသည်။ ကျေးလက်ဆေးပေးခန်းတွင် ပစ္စည်းစုံလင်မှု မရှိသဖြင့် ကိုယ်ဝန်သည်များနှင့် ရောဂါပြင်းထန်မှုများအတွက် ထားဝယ်မြို့ ပြည်သူ့ဆေးရုံတွင် ကုသမှု ခံယူကြပါသည်။ မိုးဦးလရာသီများတွင် ကလေးငယ်များ၌ သွေးလွန်တုတ်ကွေးဖြစ်ပွားမှု မြင့်မားပြီး အသက်ဆုံးရှုံးမှုများ မရှိပါ။ အခြားရောဂါများအနေဖြင့် သွေးတိုး၊ ဆီးချို၊ တီဘီ၊ HIV ၊ ပန်းနာရင်ကြပ်၊ လိပ်ခေါင်း၊ အသည်းရောဂါများ ဖြစ်ပွားတတ်ပြီး သွေးတိုးနှင့် ဆီးချိုရောဂါမှာ ဖြစ်ပွားမှု အများဆုံးဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျန်းမာ သန့်ရှင်းမှု

အတွက် ယင်လုံအိမ်သာများအား အများအားဖြင့် သုံးစွဲကြပြီး မသုံးစွဲအိမ်ထောင်စုမှာ (၂၀%)ခန့်ရှိပါသည်။ ထိုသူများသည် လက်လုပ်လက်စား အလုပ်သမားများဖြစ်ကြပြီး ဝမ်းပျက်ဝမ်းလျော ရောဂါများ တစ်ခါတစ်ရံ ဖြစ်တတ်ပါသည်။ ထိုအိမ်ထောင်စုများ အတွက် ယင်လုံ အိမ်သာများ တည်ဆောက်ပေးရန် World Vision အဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်နေပါသည်။ သို့သော်လည်း ကျွန်ုပ်တို့ကျေးရွာသည် ထားဝယ်မြို့နှင့် နီးသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများအား အလွယ်တကူ ရရှိပြီး ကျန်းမာရေးဆိုင်ရာ ဗဟုသုတများလည်း အနည်းငယ်ဝသည် ဟုဆိုနိုင်ပါသည်။

သဲပုံ ကျေးရွာတွင် သောက်ရေ၊ သုံးရေအတွက် လက်တူးတွင်းကိုသာ အဓိကထား သုံးစွဲကြပါသည်။ မိုးရာသီနှင့် ဆောင်းရာသီတွင် သောက်သုံး ရန်လုံလောက်သော်လည်း နွေရာသီဖြစ်သော တပေါင်း၊ တန်ခူးလများတွင် အိမ်ခြေ(၅၀)ခန့်မှာ ရေရှားပါးမှု ကြုံတွေ့ရပြီး ရေရှိသော အိမ်များတွင် သွားရောက်ခပ်ကြပါသည်။ ရေရှားပါးသော်လည်း ခပ်ရန်အဆင်ပြေသဖြင့် အခက်အခဲသိပ်မရှိလှပါ။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဲပုံကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများသည် မိုးရာသီ၌ ငှက်ဖျား ရောဂါ ဖြစ်ပွားမှု မြင့်မားတတ်ပြီး အသက်ဆုံးရှုံးမှုများ မရှိပါ။ သို့သော် ကျွန်ုပ်တို့ကျေးရွာသည် ၁၉၉၇ခုနှစ်တွင် မြေပြိုမှုဖြစ်ပွားခဲ့ပြီး ကျေးရွာသူ/သားများ၏ လယ်ယာမြေများ၊ ဥယျာဉ် ခြံများ၊ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးခဲ့ရပါသည်။ မိုးရာသီတွင် ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်ပြီး လမ်းများပျက်စီးပါက ကျေးရွာရှိ လူငယ်လူရွယ် များစုပေါင်း၍ ရေစီးရေလာ ကောင်းအောင် ရေမြောင်းများ တူးဖော်ခြင်း၊ အမှိုက်သရိုက်များအား ဖယ်ရှား ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ကြပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အစီ အစဉ်ရေးဆွဲထားခြင်းမျိုး မရှိပါ။ မိမိအိမ်မှ ထွက်ရှိသော အမှိုက်သရိုက်များအား စုပုံပြီး မီးရှို့ကြပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ရပ်ရေးရွာရေးအုပ်ချုပ်မှုပိုင်းတွင် အမျိုးသားများ ဦးဆောင်ပြီး အမျိုးသမီးများ ပါဝင် ပတ်သက်မှု မရှိပါ။အုပ်ချုပ်မှုအပိုင်း စီမံခန့်ခွဲရာတွင် ပိုပိုသေချာစေရေးအတွက် ရပ်မိရပ်ဖ အဖွဲ့တွင် အမျိုးသမီးများထည့်သွင်း ဖွဲ့စည်းသင့်ပါသည်။ အုပ်ချုပ်ရေးမှအပ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေး၊စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင် ရွက် ရာ၌ အမျိုးသမီး များ အများဆုံးပါဝင်ပါသည်။ သဲပုံကျေးရွာတွင် အလုပ်လုပ် နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင် ဖြစ်သည်။ကျား/မဆိုင်ရာ တာဝန် ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ် ထား ကြသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်း မိန်းမပျို/အမျိုးသမီး များအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - သာယာကုန်း | | | ကျေးရွာအမည် - သဲပုံ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | သာယာကုန်း-သဲပုံကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၄၆၀၀ ’ ×၂၄ ’ ) | ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာနှစ် ကျေးလက်လမ်းဦးစီး |
| ၂ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းသွယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၁၀၅၀ ’ ×၁၂ ’ ×၆”) | ပထမဦးစားပေး |
| ၃ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကွန်ကရစ်တံတား(၁၂ ’ ×၁၀ ’ ×၁၀ ’ )တည်ဆောက်ခြင်းလုပ်ငန်း | ဒုတိယဦးစားပေး |
| ၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျေးရွာကျောင်း(၆၀ ’ ×၄၀ ’ ×၁၂ ’ )တိုးချဲ့ရန်လိုအပ်ခြင်း | |
| ၅ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသက်မွေးဝမ်းကျောင်း ပညာပေးသင်တန်းများ ပြုလုပ်ရန်လိုအပ်ခြင်း | |
| ၆ | လူငယ်နှင့် အားကစား | အားကစား | ကျေးရွာ အားကစားကွင်း ပြုပြင်ခြင်းလုပ်ငန်း | တတိယဦးစားပေး |
| ၇ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ပြုလုပ်ခြင်း | |
| ၈ | စိုက်ပျိုးရေး | စက်ကိရိယာ | ဆည်မြောင်းများပြန်လည်တိုးချဲ့ရန် လိုအပ်ခြင်း | |
| ၉ | ကျန်းမာရေး | သောက်သုံးရေလုံလောက်စွာ ရှိရေး | လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း(၄ ’ Ø× ၁၂ ’ ) | |

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် -သာယာကုန်း | | | ကျေးရွာအမည် - သဲပုံ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁၀ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | မြစိမ်းရောင်ကျေးရွာ စီမံကိန်းလိုအပ်ခြင်း | |
| | | | | |
| | | | | |
| | | | | |
| | | | | |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်

နောက်ဆက်တွဲ (၁)

**သဲပုံကျေးရွာ ၊ သာယာကုန်းကျေးရွာအုပ်စု ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဝင်းနိုင် | ဦးညီးဖေ | ၆/လလန(နိုင်)၀၀၈၇၅၆ | ၄၇ | ဥက္ကဋ္ဌ | 09-400662488 |
| ၂ | ဦးဟန်သိန်း | ဦးသီးကြွယ် | ၆/လလန(နိုင်)၀၁၇၂၄၂ | ၅၉ | အတွင်းရေးမှူး | 09-781776631 |
| ၃ | ဦးစိုးလွင် | ဦးတင်မွန် | ၆/လလန(နိုင်)၀၀၈၉၆၂ | ၅၀ | ဘဏ္ဍာရေးမှူး | 09-422214598 |
| ၄ | ဒေါ်ဒီမီမိုး | ဦးဝင်းနိုင် | ၆/လလန(နိုင်)၁၁၇၉၇၄ | ၂၁ | စာရင်းကိုင်-၁ | 09-253325748 |
| ၅ | ဒေါ်သက်မြတ်မွန် | ဦးဇော်ဝမ်း | ၆/လလန(နိုင်)၁၃၈၄၄၅ | ၁၈ | စာရင်းကိုင်-၂ | 09-782673629 |
| ၆ | ဦးချစ်ကို | ဦးနေဝင်း | ၆/လလန(နိုင်)၀၉၆၆၄၇ | ၃၅ | အဖွဲ့ဝင် | 09-252758326 |
| ၇ | ဦးအေးလွင် | ဦးတင်ဋွေ | ၆/လလန(နိုင်)၀၆၅၅၂၈ | ၅၄ | အဖွဲ့ဝင် | 09-250885060 |
| ၈ | ဒေါ်မူမူချို | ဦးသန်းရွှေ | ၆/လလန(နိုင်)၀၅၆၃၈၇ | ၄၄ | အဖွဲ့ဝင် | 09-250244718 |
| ၉ | ဦးစိုးမောင် | ဦးသိန်းကြည် | ၆/လလန(နိုင်)၀၉၂၇၈၃ | ၃၈ | အဖွဲ့ဝင် | |
| ၁၀ | ဦးကြည်ဝင်း | ဦးစီသင်း | ၆/လလန(နိုင်)၀၀၈၉၅၁ | ၆၄ | အဖွဲ့ဝင် | ၀၉-၂၆၂၄၁၃၁၃၀ |
| ၁၀ | ဦးဖေသိန်း | ဦးသီးသား | ၆/လလန(နိုင်)၀၀၈၈၅၆ | ၆၇ | နာယက | |
| ၁၁ | ဦးသိန်းအောင် | ဦးထွန်းဟန် | ၆/လလန(နိုင်)၀၀၈၉၆၀ | ၆၄ | နာယက | |
| ၁၂ | ဦးထွန်းလွင် | ဦးကြီးရွှေ | ၆/လလန(နိုင်)၀၀၈၈၈၈ | ၆၄ | နာယက | |
| ၁၃ | ဦးဟံသိန်း | ဦးဘကြည် | ၆/ထဝန(နိုင်)၀၅၂၁၁၆ | ၄၉ | နာယက | |
| ၁၄ | ဦးလှိုင်ဝင်းအောင် | ဦးဘစံ | ၆/လလန(နိုင်)၀၇၉၁၁၈ | ၃၄ | နာယက | |

နောက်ဆက်တွဲ (၂)

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၃ | ၇ | ၂၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၈ | ၂၅ | ၆၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၃ | ၂၅ | ၅၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၃ | ၂၉ | ၆၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၈၃ | ၃၃၇ | ၆၂၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၂၁ | ၃၄ |
| စုစုပေါင်း | | ၄၁၃ | ၄၄၇ | ၈၆၀ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၂၅ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။သဲပုံကျေးရွာတွင် အိမ်ထောင်စု(၁၂၅)စုရှိပြီး ကျား(၄၁၃)ဦးနှင့် မ(၄၄၇) ဦး၊စုစုပေါင်းလူဦးရေ (၈၆၀)ဦးရှိပါသည်။ တစ်နှစ်အောက် နို့စို့အရွယ်များမှာ အလွန်နည်းပါးပြီး အိမ်ထောင်သည်များ သားဆက်ခြားဆက်ရာ အသိပညာတိုးတက်လာမှု ရှိသည်ဟုဆိုနိုင်ပါသည်။ (၅)နှစ်အောက် ကလေးများနှင့်(၆၅)နှစ်အထက် လူကြီးများ အသင့်အတင့် ရှိပါသည်။ (၅)နှစ်မှ (၁၄)နှစ်အထိ ကျောင်းနေရွယ်ကလေးများမှာ ကျေးရွာတွင် (၁၂၀)ဦးရှိပြီး ကျေးရွာ၏ (၁၄%)ခန့် ရှိပါသည်။(၁၅)နှစ်မှ (၆၄) နှစ်အထိ လူဦးရေမှာ အများဆုံးဖြစ်ပြီး သူတို့သည် အလုပ်လုပ်ကိုင်နိုင် သူများဖြစ်ကြသည်။ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင်ကျား၊မလူနေမှု အချိုးအစားမှာ တူညီ လုနီးပါးရှိပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့် စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၅၈ | သင့် | ရ | မြေအောက်ရေ |
| ယာမြေ | - | - | - | - |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| ဥယျာဉ်ခြံမြေ | ၃၃၇ | ကောင်း | ရ | ချောင်း |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | ၁၅ | သင့် | ရ | မြေအောက်ရေ |
| သစ်တောမြေ | - | - | - | - |
| စုစုပေါင်း | ၄၁၀ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်။ ။သဲပုံကျေးရွာတွင် လယ်မြေ(၅၈)ဧကရှိပြီး မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။ကျေးရွာတွင် လယ်ယာလုပ်ငန်းအား မြေအောက်ရေ တစ်မျိုးတည်းဖြင့် အသုံးပြုကြပြီး စိုက်ပျိုးရေ လုံလောက်မှုရှိပါသည်။ ဥယျာဉ်ခြံလုပ်ငန်းအဖြစ် ရော်ဘာစိုက်ပျိုးခြင်းအား အဓိကထား လုပ်ဆောင်ကြပြီး ကွမ်းသီး၊ အုန်းသီး၊ ဒညင်းသီး စသည့် နှစ်ရှည်ပင်များ စိုက်ပျိုးပြီး (၃၃၇)ဧကရှိပါသည်။ ဥယျာဉ်ခြံမြေများ၏ မြေဆီလွှာ အရည်အသွေးမှာ ကောင်းမွန်ပြီး ရေအရင်းအမြစ်မှာ ချောင်းမှရရှိပြီး ရေလုံလောက်စွာ ရရှိပါသည်။ ထို့အပြင် ပလပ်မြေ(၁၅)ဧကလည်း ရှိပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | ခက် |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | လက်လှမ်းမမှီ |
| အခြားသဘာဝအရင်းအမြစ် | မရှိ | ခက် |

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| အပင်မျိုးစိတ်များ<br>(လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျှမ်းမျှအပူချိန် – ၂၈ဒီဂရီစင်တီဂရိတ် | ပျှမ်းမျှ မိုးရေချိန် – ၁၈၉.၇၂လက်မ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်။ ။ သဲပုံကျေးရွာတွင် ဓာတ်သတ္တုအရင်းအမြစ်များ ရရှိနိုင်မှုမှာ မရှိသလောက်နည်းပါးပြီး အသုံးပြုနိုင်မှုမှာလည်း ခက်ခဲပါသည်။ တိရစ္ဆာန်မျိုးစိတ်များအနေဖြင့် သင်းခွေချပ်၊ ချေ၊ တောဝက်နှင့် ဖွတ်များကို တစ်ခါတစ်ရံတွေ့ရတတ်ပါသည်။ ရရှိနိုင်မှုမှာ နည်းပြီး အသုံးပြုနိုင်မှုလည်း ခက်ခဲပါသည်။ ထို့အပြင် လူ၊ တိရစ္ဆာန်တို့အတွက် အသုံးဝင်သော အပင်မျိုးစိတ်များမှာ ရရှိနိုင်မှု အနည်းငယ်ရှိသော်လည်း တောနက်၊ တောင်များကို ဖြတ်သန်း သွားရသဖြင့် အသုံးပြုနိုင်မှု ခက်ခဲပါသည်။**

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | နာရေးကူညီမှုအသင်း | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | နာရေးကူညီမှုအသင်း၏ စွမ်းဆောင်ရည်သည်ခိုင်မာတောင့်တင်းသည်။ |
| ၂ | အပျို/လူပျို အဖွဲ့ | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အပျို/လူပျို အဖွဲ့သည် ရပ်ရေးရွာရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ခိုင်မာတောင့်တင်းသည်။ |
| ၃ | မြတ်ဒါန အဖွဲ့ | ၁☐ ၂☐ ၃✓ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | မြတ်ဒါနအဖွဲ့သည် ကျေးရွာ၏ စမ္ပစကူးလ်ဖောင်ဒေးရှင်းတွင် အဓိက ဦးစီးဆောင်ရွက်ပြီး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | တွင် အင်တိုက်အား တိုက်ပါဝင် ပါသည်။ |
| ၄ | ရပ်မိရပ်ဖ | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာ လူမှုဖွံ့ဖြိုးရေးနှင့်ဆိုင်သော ကိစ္စရပ်များတွင် အသင့် အတင့် ကောင်းမွန်ပါသည်။ |
| ၅ | ဂေါပက အဖွဲ့ | ၁☐ ၂☐ ၃✓ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ဂေါပကအဖွဲ့သည်စွမ်းဆောင်ရည် အသင့်အတင့်ရှိပါသည်။ |
| ၆ | လူလတ်အဖွဲ့ | ၁☐ ၂✓၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | လူလတ်အဖွဲ့သည် စွမ်းဆောင်ရည် သည် ခိုင်မာတောင့်တင်းသည်။ |
| ၇ | မီးသတ်အဖွဲ့ | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | အရံမီးသတ်အဖွဲ့သာ ရှိသဖြင့် စွမ်းဆောင်မှုအားနည်း ပါသည်။ |
| ၈ | မိဘဆရာ အသင်း | ၁☐ ၂✓ ၃☐ | ပညာရေး ✓ ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | မိဘဆရာအသင်းသည် ပညာရေး ကဏ္ဍ တွင် ခိုင်မာတောင့်တင်း ပါသည်။ |
| ၉ | ကျောင်း အကျိုးတော် ဆောင်အဖွဲ့ | ၁☐ ၂✓ ၃☐ | ပညာရေး ✓ ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ သည် ပညာရေးကိစ္စရပ်များဆောင် ရွက်ရာတွင် အင်တိုက်အားတိုက် ပါဝင် ပါသည်။ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** **။ ကျွန်ုပ်တို့ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့်**

နာရေးကူညီမှုအသင်း ၊ ဂေါပကအဖွဲ့၊ အပျို/လူပျိုအသင်း၊ ရပ်မိရပ်ဖအဖွဲ့ ၊လူလတ်အဖွဲ့ ၊ မိဘဆရာအသင်း၊ မြတ်ဒါနအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မီးသတ်အဖွဲ့ တို့ရှိကြပါသည်။ နာရေးကူညီမှုအဖွဲ့၊ ရပ်မိရပ်ဖ အဖွဲ့၊ အပျို/လူပျိုအဖွဲ့နှင့် လူငယ်အဖွဲ့မှာ ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများကို အဓိကထားလုပ်ဆောင်ကြပြီး အဖွဲ့၏စွမ်းဆောင်ရည်လည်း ခိုင်မာတောင့်တင်းမှု ရှိပါသည်။ မြတ်ဒါနအဖွဲ့မှာ စနေနေ့အပတ်စဉ်တိုင်းတွင် ကျေးရွာဘုန်းကြီး ကျောင်း ၌ ဓမ္မစကူးလ်ကလေးများအား စာသင်ပေးခြင်း၊အာဟာရများ ကျွေးမွေးခြင်းတို့အပြင် ဘာသာရေး ကိစ္စရပ်များ ဆောင်ရွက်ရာတွင် စေတနာအပြည့် ပါဝင်လုပ်ဆောင်ပေးကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများသည် ကျေးရွာလူထုများနှင့် ပူးပေါင်း၍ အဘက်ဘက်မှ ကူညီလုပ် ဆောင်ပေးနေကြပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂-၂၀ဧက | ၄-၁၀ဧက | ၁-၂ဧက | မရှိ |
| အိမ်အခြေအနေ | ၂ထပ်၊သွပ်မိုး၊ အုတ်ကာ | ၁ထပ်၊သွပ်မိုး၊ အုတ်ကာ | သစ်အိမ်၊ သစ်တိုင်၊ ဓနိမိုး၊ သစ်ကာ | ဝါးခင်း၊ ဓနိမိုး၊ ထရံကာ၊ တောတိုင် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ ထော်လာဂျီ၊ သုံးဘီး ဆိုင်ကယ် | ဆိုင်ကယ်၊ ထော်လာဂျီ၊ | ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ဥယျာဉ်ခြံ၊ ကုန်စုံဆိုင် ရာဘာ၊လယ် | ဥယျာဉ်ခြံ၊ ကုန်စုံဆိုင် | လက်သမား/ ပန်းရံ၊ကျဘမ်း | ကျဘမ်း |
| အိမ်ထောင်စု | ၈ | ၃၁ | ၆၆ | ၂၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။။ကျွန်ုပ်တို့ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုတွင် မြေယာ (၁၂-၂၀) ဧက အထိပိုင်ဆိုင်သူများဖြစ်ပြီး အိမ်အခြေအနေမှာ နှစ်ထပ်၊သွပ်မိုး၊အုတ်ကာများဖြစ်ကြပါသည်။ ကုန်ထုတ်လုပ်မှုဆိုင်သော ပိုင်ဆိုင်မှုများအနေဖြင့် ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ သုံးဘီး ဆိုင်ကယ်များ ပိုင်ဆိုင်ကြပြီး ကုန်စုံဆိုင် ရောင်းဝယ်ခြင်း၊ လယ်လုပ်ငန်း၊ ရော်ဘာလုပ်ငန်းနှင့် ဥယျာဉ်လုပ်ငန်းများဖြစ် အသက်မွေးသူများ ဖြစ်ကြပြီး အိမ်ထောင်စု (၈)စုရှိပါသည်။ အလယ် အလတ်အဆင့်ရှိသော အိမ်ထောင်စုများ၏ မြေယာပိုင်ဆိုင်မှုမှာ(၄-၁၀)ဧကရှိပါသည်။ဆိုင်ကယ်၊ ထော်လာဂျီနှင့် သုံးဘီးများ ပိုင်ဆိုင်ကြပြီး ကုန်စုံဆိုင် ရောင်းဝယ်ခြင်း၊ လယ်ယာလုပ်ငန်း

လုပ်ကိုင်ခြင်းတို့ဖြင့် စီးပွားရေးပြုလုပ်ကြပြီး အိမ်အခြေအနေမှာ တစ်ထပ်အိမ်၊သွပ်မိုး၊ အုတ်ကာများ ဖြစ်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုများမှာ ကျေးရွာအိမ်ထောင်စု၏ (၅၂%)ဖြစ်ပြီး ဆိုင်ကယ်တစ်စီးပိုင်ဆိုင်၍ အိမ်အနေအထားမှာ သစ်အိမ်၊ ဝါးထရံကာ အိမ်များဖြစ်ကြပြီး လက်သမား/ ပန်းရံလုပ်ကိုင်စားသောက်သူများ ဖြစ်ကြပါသည်။ ကျေးရွာတွင် အလွန်မပြေလည် သော အိမ်ထောင်စု(၂၀)စုရှိပြီး အများစုမှာ မြေယာမဲ့များဖြစ်ကြသည်။ ထိုသူများ၏ အိမ်အခြေ အနေမှာ ဝါးတိုင်၊ ဓနိမိုး၊ဓနိကာများနှင့်ဆင်းရဲစွာ နေထိုင်ရပြီး ကျပန်းလုပ်သားများ ဖြစ်ကြသည်။

## (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား** (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၁ | ၄၀.၈% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ်တာထိ) | ၁၆ | ၁၂.၈% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၂၁ | ၁၆.၈% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၃၂ | ၂၅.၆% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက်(၅ဟတ်တာနှင့် အထက်) | ၅ | ၄% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၂၅ | ၁၀၀% | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။မြေယာမဲ့ အိမ်ထောင်စုမှာ(၅၁) အိမ်ရှိ၍ ကျေးရွာ၏ (၄၀.၈%)** ရှိပါသည်။ **ဆင်းရဲသားတောင်သူငယ် (၁၆) အိမ်၊ တောင်သူငယ် (၂၁) အိမ်၊ တောင်သူလတ် (၃၂)အိမ်နှင့် တောင်သူကြီး (၅) အိမ်ရှိပြီး သူတို့ပိုင်ဆိုင်သော မြေယာများတွင် ရာသီပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။**

(၄.၂.၂)  အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | သင့် |
| ရော်ဘာ | ၂၀၀ | ပေါင် | ၅၀၀ | ၈၀၀ | ၆၀၀ | သင့် |
| စပါး | ၅၈ | တင်း | ၃၀ | ၅၀ | ၄၀ | သင့် |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဥယျာဉ်ခြံသီးနှံအဖြစ် ရော်ဘာအား အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ရာဘာစိုက်ခင်း (၂၀၀)ဧက ရှိပါသည်။ တစ်ဧကလျှင် အများဆုံး(၈၀၀)ပေါင်နှင့် အနည်းဆုံး(၅၀၀)ပေါင်ထွက်ရှိပါသည်။ ပျမ်းမျှအားဖြင့် တစ်ဧကလျှင် (၆၀၀)ပေါင်ထွက်ရှိပါသည်။ ထို့အပြင် ဥယျာဉ်ခြံများမှ ကွမ်းသီးနှင့် ဒညင်းသီး အနည်းငယ်ထွက်ရှိပါသည်။ အခြားသီးနှံများအနေဖြင့် ဆန်စပါးကို စိုက်ပျိုးပါသည်။ ဆန်စပါးထွက်နှုန်းမှာ ပျမ်းမျှအားဖြင့် (၄၀)တင်းထွက်ရှိပြီး အကျိုးအမြတ် ရရှိမှု အသင့်အတင့်ရှိပါသည်။ ထိုသို့သော သီးနှံများအတွက် ရေလုံလောက်စွာ ရရှိသော်လည်း မြေဆီလွှာအရည်အသွေး နည်းပါးပါသည်။ နှစ်ရှည်သီးနှံများအတွက် မြေဆီလွှာထိန်းသိမ်းခြင်းနှင့် မြေလွတ်မြေလပ်များတွင် နှစ်ရှည်အပင်များ စိုက်ပျိုးရန်အတွက် နည်းစနစ်များ လိုအပ်နေပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး နည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ရရှိနိုင်မည်ဆိုပါက သီးနှံအထွက်နှုန်း ပိုမိုတိုးတက်လာပါမည်။

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မွေးမြူရေး | | |
| နွား | ၁၁ | ၂၈ |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၁ | ၁ |
| သိုး | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ဝက် | ၂ | ၄၄ |
| ကြက် | ၁၈ | ၁၃၃ |
| ဘဲ | ၂ | ၉ |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နည်းကြပါသည်။ နွားမွေးမြူသူ (၁၁)အိမ်ထောင်စုရှိပြီး အကောင်ရေ (၂၈)ကောင်ရှိပါသည်။ ဝက်ကို စီးပွားအဖြစ် မွေးမြူသူ (၂)အိမ်ရှိပြီး (၄၄)ကောင် ရှိပါသည်။ ထို့အပြင် ကြက်မွေးမြူရေး လုပ်ကိုင်သူ (၁၈)အိမ်နှင့် ဘဲမွေးမြူရေး လုပ်ကိုင်သူ(၂)အိမ် ရှိပါသည်။ တပေါင်း၊တန်ခူးလများတွင် ကြက်နာ၊ ဝက်နာများကျရောက်သဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ အရင်းအနှီးများ ဆုံးရှုံးရပါသည်။ နို့စားနွား၊ မြည်း၊ကျွဲ၊ မြင်း၊လား၊ သိုး၊ နွားနောက် မွေးမြူသူများ မရှိပါ။ ပင်လယ်ရေကြောင်းများမရှိသဖြင့် ငါးလုပ်ငန်း လုပ်ကိုင်သူများ မရှိပါ။ မွေးမြူရေးနှင့် ပတ်သက်၍ ဝန်ဆောင်မှုလုပ်ငန်းများ၊ နည်းပညာများ လိုအပ်နေပါသည်။**

### (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | ၁ | - | ၁ | လတ် |

| | | | | | |
|---|---|---|---|---|---|
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၄ | ၂၈ | - | မြင့် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၇ | - | ၁၄ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၄ | - | - | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါ အဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၂ | ၂ | - | လတ် |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အ ထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | - | - | - |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | **၁၈** | **၃၀** | **၁၅** | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင် ဆောက်လုပ်ရေးအလုပ်သမားများ အနေဖြင့် ပန်းရံ(၃)ဖွဲ့နှင့် လက်သမား(၁)ဖွဲ့ရှိပြီး အလုပ်သမားအရေအတွက် (၂၈)ဦးရှိပါသည်။ ထိုသူတို့၏ ဝင်ငွေအဆင့် ရပ်တည်နိုင်မှုမှာ အလဘ်အလတ်မှ မြင့်မားပါသည်။ သယ်ယူပို့ဆောင်ရေး**

**လုပ်ငန်းလုပ်ကိုင်များ၏ ဝင်ငွေ ရပ်တည်နိုင်မှုမှာ အလယ်အလတ်သာရှိပြီး လုပ်ငန်းအရေအတွက် (၄)ခု ရှိပါသည်။**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊ကျွမ်းကျင်ပညာရှင်များ၊ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း၊ ငွေချေးဝန်ဆောင်မှု လုပ်ငန်း၊ အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများနှင့် အခြားကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ မရှိပါ။ လျှပ်စစ်ဓာတ်အား ပေးလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု တစ်စုရှိပြီး ဝင်ငွေမှာ အလယ်အလတ်အဆင့် ရှိပါသည်။ထို့အပြင်ပညာရေးဖြင့် အသက်မွေးကျောင်းပြုလုပ်သူများ၏ ဝင်ငွေများမှာ အလယ် အလတ်တွင် ရှိနေပါသည်။ **ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာနေပြည်သူများ ဝင်ငွေအဆင့်မြင့်မား စေနိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာပေး သင်တန်းများ ပြုလုပ်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရရှိလာရန် ငွေကြေးအရင်းအနှီး၊ စက်ရုံအလုပ်ရုံများနှင့် ချိတ်ဆက်ခြင်း စသည်တို့ လိုအပ်နေပါသည်။**

**(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** | **အကြီးစားဈေးကွက်**<br>(**အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်**) |
|---|---|---|
| **ဈေးအမည်** (**မြို့**/ **ရွာ**)<br>(**အနီးဆုံး**<br><u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | ကမြောကင်းကျေးရွာဈေး | ထားဝယ်မြို့ကမ်းနားဈေး |
| **ရွာမှအကွာအဝေး** (**မိုင်**)<br>(**အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်**) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ✔<br>၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ✔ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐၁၀၀ မိုင် အထက်☐ |
| **သယ်ယူပို့ဆောင်ရေးနည်းလမ်း** | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✔<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✔<br>ကား/ထော်လာဂျီ ✔ ရထား ☐<br>သုံးဘီးဆိုင်ကယ် ✔ လှေ ☐<br>စက်လှေ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။။ ကျွန်ုပ်တို့ကျေးရွာတွင် ဈေးမရှိပါသဖြင့် အနီးဆုံးဈေးဖြစ်သည့် (၅) မိုင် ကွာဝေးသော ကမြောကင်းဈေးတွင် သွားရောက်ဝယ်ယူရောင်းချကြပါသည်။ သယ်ယူပို့ဆောင်ရေး နည်းလမ်းအဖြစ် ဆိုင်ကယ်ကိုသာအသုံးပြုကြပါသည်။ဈေးအခြေခံအဆောက်အအုံမှာ အသင့်အတင့် ကောင်းမွန်ပြီး ဈေးနှုန်းအတက်အကျများသဖြင့် သင့်တင့်သော ဈေးနှုန်းရရှိရန် ခက်ခဲပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ ဈေးရောင်းချသူများမှာ ထားဝယ်မြို့ကမ်းနားဈေးတွင်သာ အများ အားဖြင့် ရောင်းချကြပါသည်။ ထိုသို့ သွားလျှင်**

(၇)မိုင်ခန့် ကွာဝေးပြီး ကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ် စသည်ဖြင့် အဆင်ပြေသလို သွားကြပါသည်။ ထိုဈေးတွင် အခြေခံအဆောက် အအုံမှာ ကောင်းမွန်ပြီး ဈေးကွက်ရောင်းလိုအားလည်း ကောင်းမွန်ပါသည်။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည် အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ✓ ၂☐၃☐ ၄☐၅☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ✓ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး ✓ | ၀–၁ မိုင် ✓<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂☐ ၃☐ ၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ✓ ၂☐၃☐ ၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့ ✓ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး ✓ | ၀–၁ မိုင် ✓<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင် ရွာတွင်းလမ်း(၃)လမ်းရှိပါသည်။ ရွာတွင်းလမ်းအားလုံးသည် မြေသားလမ်းများဖြစ်ကြပြီး လမ်းအရည်အသွေး ညံ့ဖျင်းပါသည်။ နွေရာသီတွင် အသုံးပြုရန် အဆင်ပြေသော်လည်း မိုးရာသီတွင် ရွှံ့နွံများ၊ ချိုင့်ခွက်များ ပြည့်နှက်နေခြင်း၊ ရေမြောင်းပိတ်ဆို့၍ မကောင်းခြင်း၊ ထော်လာဂျီများ၊ ကားများ အသွားအလာများခြင်းတို့ကြောင့် ဗွက်အိုင်များဖြစ်ကာ သွားရေးလာရေးခက်ခဲစေပါသည်။ သာယာကုန်း- သဲပုံကျေးရွာချင်းဆက်လမ်းမှာ အရှည်(၄၆၀၀)ပေရှိပြီး (၁၂)ပေကျယ်ဝန်းပါသည်။ လမ်းဘေးဝဲယာတွင် အုတ်ဖိုရှိခြင်း၊ ရေချောင်းရှိခြင်းတို့ကြောင့် မိုးရာသီတွင် လမ်းများရေကျော်ကာ သွားရေးလာရေးခက်ခဲပါသည်။ မိုးရာသီတွင် ကျေးရွာချင်းဆက်လမ်းအား ကျေးရွာသူကျေးရွာသားများ ပူးပေါင်း၍ တစ်နှစ်လျှင် (၂-၃)ကြိမ်ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ကြပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့ကျေးရွာလမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရေးအတွက် ကျေးရွာချင်းဆက်လမ်း (၄၆၀၀) ပေအား ကွန်ကရစ်လမ်း အဖြစ်သို့ အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။

## (၅.၃) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၁၂) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကွန်ကရစ် တံတား | ၁၂’×၅’×၅’ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ✔ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး ✔ |
| သစ်သား တံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကြိုးတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ရေပြွန် | ၁၂’×၂’×၂’<br>၁၄’×၂’×၂’ | ကောင်း ☐<br>သင့် ☐<br>ညံ့ ✔ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ✔ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး ✔ |
| ရေကျော် | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ သဲပုံကျေးရွာ၏ တံတား တည်ရှိမှုအခြေအနေမှာ ဆိပ်ခံတံတား၊ သစ်သားတံတား၊ ကြိုးတံတား၊ ဝါးတံတား၊ ရေကျော် တို့မှာ မရှိပါ။ ကွန်ကရစ်တံတားနှင့် ရေပြွန်များသာ ရှိပါသည်။ ကွန်ကရစ်တံတားမှာ (၁၂’× ၅’×၅’)ရှိပြီး တည်ဆောက်သောခုနှစ်မှာ (၅)နှစ်အထက်ရှိပြီဖြစ်၍ ပြုပြင်ရန် လိုအပ်နေပါသည်။ ရေပြွန်မှာ** (၁၂’×၂’×၂’) တစ်စင်းနှင့် (၁၄’×၂’×၂’) နှစ်စင်းရှိပါသည်။ ရေပြွန်မှာ မိုးရာသီတွင် ပိတ်ဆို့မှုများရှိနေသဖြင့် အရည်အသွေးညံ့ဖျင်းပြီး ပြုပြင်ထိန်းသိမ်းမှုများ လိုအပ်နေပါသည်။

## (၅.၄) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၃) ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ☐တစ်နှစ်ပတ်လုံး |

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| | အသုံးမပြုပါ ✔ | | |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✔ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**၁ – လှေ၊သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။ ။ သဲပုံကျေးရွာတွင် မြစ်၊ပင်လယ်တို့နှင့် မနီးသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်မှု မရှိပါ။**

### (၅.၅) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၄) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ၄၈ | ၁၇၅ | ၃ | ၃ | ၄ | - | - |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ သဲပုံကျေးရွာတွင် မြစ်ကြောင်းလမ်းများ မရှိသဖြင့် လှေ၊ သမ္ဗာန်နှင့် စက်လှေ အသုံးပြုမှုများ မရှိပါ။ စက်ဘီးမှာ ကျောင်းသား/သူများ ကျောင်းသွားရာတွင်လည်းကောင်း၊ ကျပန်းအလုပ်သမားများ အလုပ်ရုံသို့ သွားလာရာတွင် လည်းကောင်း အသုံးပြုပါသည်။ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စ၊ စီးပွားရေးကိစ္စတွင် အသုံးပြုကြပြီး အိမ်တိုင်းနီးပါး ရှိကြပါသည်။ ဆိုင်ကယ်စီးရေမှာ (၁၇၅) စီး ရှိပါသည်။ ထို့အပြင် သုံးဘီးဆိုင်ကယ်(၃) စီး၊ ထော်လာဂျီ (၃) စီး နှင့် ကား (၄) စီးရှိပြီး ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် အဓိက အသုံးပြုကြပါ သည်။ မြင်းလှည်းနှင့် နွားလှည်း အသုံးပြုမှုများ မရှိပါ။**

### (၅.၆) လျှပ်စစ်မီးရရှိမှု

ဇယား (၁၅) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | ၅၀ |
| ဆိုလာစနစ် | ၃ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၇၂ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | - |

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၃ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သဲပုံကျေးရွာအတွင်းရှိ မဟာဓာတ်အားလိုင်းမှ အိမ်ထောင်စု (၁၂၅)စု ရှိသည့်အနက် လက်ရှိအခြေအနေမှာ (၅၀)ရရှိနေပြီဖြစ်ပါသည်။ ဆိုလာမီးသုံးစွဲမှုမှာ (၃) အိမ်သာရှိပါသည်။ မဟာဓာတ်အားလိုင်း ချိတ်ဆက်မှု မရရှိသေးသော အိမ်ထောင်စု (၇၂) စုမှ ဒီဇယ်သုံးအင်ဂျင်ဖြင့် လျှပ်စစ်မီး ရယူသုံးစွဲနေပါသည်။ ငွေကြေးမတတ်နိုင်သော အိမ်ထောင်စု အနည်းငယ်သည် ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးကို အသုံးပြုနေကြရပါသည်။

## (၅.၇) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၆) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၂၁၉ | ၃၄ | ၈၂ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ သဲပုံကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၂၁၉) လုံး ရှိပြီး ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ဆက်သွယ်ရေးမှာ သိပ်မကောင်းလှပါ။ ဖုန်းတိုင်မှာ ကဘူကျေးရွာ တောင်ထိပ်တွင်သာရှိသဖြင့်လိုင်းမိရန်ခက်ခဲနေပါသည်။သို့သော်လည်းကျွန်ုပ်တို့ကျေးရွာနံဘေးရှိသာယာကုန်း ကျေးရွာတွင် ဖုန်းတာဝါတိုင် စိုက်ထူမည်ဖြစ်သဖြင့် ဆက်သွယ်ရေးအတွက် ပိုမိုအဆင်ပြေလာပါမည်။ ရေဒီယိုမှာ ကျေးရွာတွင် (၃၄)လုံးရှိပြီး သတင်းအချက်အလက်များ ရရှိနိုင်ပါသည်။ သတင်းစာနှင့် ဂျာနယ်တို့မှာ ထားဝယ်မြို့နှင့် နီးသဖြင့် ရရှိရန် လွယ်ကူပါသည်။ တီဗွီ (၈၂) လုံးရှိသော်လည်း သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဗဟုသုတများ လေ့လာမှုအားနည်းသည့်အတွက် စာပေဟောပြောပွဲများ၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၇) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၄၈ | ၂၃ | ၇၁ |
| အလယ်တန်း | ၁၃ | ၂၅ | ၃၈ |
| အထက်တန်း | ၅ | ၁၄ | ၁၉ |
| တက္ကသိုလ်/ကောလိပ် | ၅ | ၆ | ၁၁ |

**ရင်းမြစ်** … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင်</u>

ပညာတတ်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင် မူလတန်းကျောင်းသာရှိပါသည်။ ကျောင်းမှာ ကျေးရွာ၏အဝင်တွင် တည်ရှိပြီး နံဘေးတွင် မူကြိုကျောင်းလည်းရှိပါသည်။ ယခုလက်ရှိမူလတန်းကျောင်းတွင် ပညာသင်ကြားနေသူဦးရေမှာ ကျား (၄၈)ဦး၊ မ (၂၃) ဦးရှိပြီး အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေသူဦးရေမှာ ကျား(၁၃) ဦး၊ မ (၂၅) ဦးရှိပြီး၊ အထက်တန်းအဆင့်တွင် ပညာသင်ကြားနေသူဦးရေမှာ ကျား (၅) ဦး၊ မ (၁၄ ) ဦးနှင့် လက်ရှိ တက္ကသိုလ်တက်နေသူဦးရေမှာ ကျား(၅)ဦးနှင့် မ(၆)ဦး ရှိပါသည်။မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်ပညာရေးတွင် ကျောင်းနေသူ ကလေးဦးရေ အသင့်အတင့်ရှိသော်လည်း အထက်တန်းနှင့် တက္ကသိုလ်တက်နိုင်သူဦးရေမှာ နည်းပါးလှပါသည်။ကျေးရွာတွင် မူလတန်းကျောင်းအဆင့်သာ ရှိသဖြင့် အလယ်တန်းနှင့် အထက်တန်းအဆင့်များအား ထားဝယ်မြို့ရှိ (အ.ထ.က မြောင်းပုလဲ)ကျောင်းတွင် ပညာသင်ကြားပါသည်။ အထက်တန်းပညာ သင်ကြားခွင့်မရရှိသော ကလေးများမှာ အများအားဖြင့် အဆင်မပြေသောမိသားစုများ ဖြစ်ကြပြီး စားဝတ်နေရေးအတွက် ကျောင်းထွက်ရခြင်း ဖြစ်ပါသည်။ ကျောင်းထွက်ပြီးသော ယောက်ျားလေးများမှာ နိုင်ငံခြားသို့ထွက်သွားတတ်ကြပြီး မိန်းကလေးများမှာ သီဟိုဠ် အစေ့ခွာကာ အသက်မွေးကြရပါသည်။**

## (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၈) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ✔<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✔<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၁၈၀၀ | | |
| **င။**အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း ☐ သင့် ✔ ညံ့☐ | ကောင်း☐သင့်☐ညံ့☐ | ကောင်း☐သင့်☐ညံ့☐ |
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ✔ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ✔ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| **ဈ။**ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ✔ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ။**ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | - | ၄ | ၄ | | | | | | |
| ကျေးရွာခန့် | - | ၁ | ၁ | | | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ သဲပုံကျေးရွာ၏ မူလတန်းကျောင်း ကြမ်းခင်း ဧရိယာမှာ (၆၀' × ၃၀') ရှိပါသည်။ ကျောင်းသည်ရွာအဝင်ဝတွင်ရှိပြီး (၁)ဖာလုံခန့်သာ ဝေးသဖြင့် ခြေလျင်ဖြင့်သာ သွားကြပါသည်။ ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။ ကျောင်းသားဦးရေများပြားလာသဖြင့် ကျောင်းအဆောက်အဦတိုးချဲ့ရန်လည်း လိုအပ်နေပါသည်။ ကျောင်းတွင် နှစ်ခန်းတွဲအိမ်သာ တစ်လုံးရှိပြီး ကျန်းမာရေးနှင့် ညီညွတ်မှု မရှိပါ။ ကျောင်းအာဟာရ တိုက်ကျွေးမှုလည်းမရှိပါ။ ကျောင်းဆရာမဝန်ထမ်း ဦးရေမှာ အစိုးရခန့် (၄) ဦးနှင့် ကျေးရွာခန့် (၁)ဦး စုစုပေါင်း (၅)ဦးရှိပါသည်။ကလေးများ သန့်ရှင်းသော သောက်သုံးရေအတွက် ကျောင်းတွင် ရေတွင်းမရှိပါ။ ကျောင်းနံဘေးရှိ အိမ်များတွင် ရေခပ်ကြရပါသည်။ ထို့ကြောင့် ကလေးများအတွက် အန္တရာယ်ရှိလှပါသည်။ ကလေးများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် (၄') အကျယ်ရှိ** လက်တူးတွင်းတစ်တွင်း တူးဖော်မည်ဆိုပါက သောက်သုံးရေ လုံလောက်မှု ရှိလာပါမည်။

### (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၉) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* |
|---|---|---|
| *၁* | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ *နိမ့်* ✔ *မရှိ*☐ |
| *၂* | သွေးလွန်တုပ်ကွေး | *မြင့်*☐ *နိမ့်* ✔ *မရှိ*☐ |
| *၃* | ငှက်ဖျား | *မြင့်*☐ *နိမ့်* ✔ *မရှိ*☐ |
| *၄* | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☐ *နိမ့်* ✔ *မရှိ*☐ |
| *၅* | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | *မြင့်*☐ *နိမ့်* ✔ *မရှိ*☐ |
| *၆* | တီဘီ | *မြင့်*☐ *နိမ့်* ✔ *မရှိ*☐ |
| *၇* | ဆီးချို | *မြင့်* ✔ *နိမ့်*☐ *မရှိ*☐ |
| *၈* | သွေးတိုး | *မြင့်* ✔ *နိမ့်*☐ *မရှိ*☐ |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်*☐ *နိမ့်* ✔ *မရှိ*☐ |
| *၁၀* | အာဟာရ ချို့တဲ့မှု | *မြင့်*☐ *နိမ့်*☐*မရှိ* ✔ |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်✓ | မရှိ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ သဲပုံကျေးရွာတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါဖြစ်ပွားမှု အများဆုံးဖြစ်ပါသည်။အခြားရောဂါများအနေဖြင့် ဝမ်းပျက်ဝမ်းလျှော၊သွေးလွန်တုပ်ကွေး၊ ပန်းနာရင်ကြပ်၊ HIV၊ AIDS၊ လိပ်ခေါင်းရောဂါ၊ တီဘီရောဂါ၊ အသည်းရောဂါ (ဘီစီ) စသည်တို့မှာ အနည်းငယ်ဖြစ်ပွားကြပါသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ မိုးရာသီ ကူးပြောင်းအချိန်များတွင် ကလေးများ၌ အဖြစ်များကြပါသည်။အာဟာရချို့တဲ့မှုမှာ ဖြစ်ပွားနှုန်း နည်းပါးပါသည်။ ကျွန်ုပ်တို့ ကျေးရွာတွင် World Vision အဖွဲ့မှ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများ တစ်ခါတစ်ရံ ပြုလုပ်ပေးတတ်သဖြင့် ကျေးရွာသူ/သားများသည် ကျန်းမာရေးဆိုင်ရာ ဗဟုသုတအနည်းငယ်ရှိကြပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၂၀) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✓ |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✓ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ သဲပုံကျေးရွာတွင် လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးမှုမှာ အဆုတ်ရောဂါ၌ ကာကွယ်ဆေးထိုးမှုအပ ကျန်ရောဂါများအတွက် ကာကွယ်ဆေးထိုးနှံမှုများ ရှိပါသည်။ ထို့အပြင် ကလေးငယ်များအတွက် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံမှုလည်း ပြုလုပ်ပေးခဲ့ပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျန်းမာရေးဆရာမ မရှိသဖြင့် ကမြောကင်း ကျေးရွာ ကျန်းမာရေးဆရာမမှ ကိုယ်ဝန်သည်များအား တစ်လတစ်ကြိမ် မေးခိုင်ကာကွယ်ဆေး ထိုးပေးခြင်း၊ သံဓာတ်အားဆေးများ ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ အခြားစုပေါင်း ကာကွယ်ဆေး ထိုးနှံမှုနှင့် အာဟာရမှတ်တမ်းယူမှုတို့အတွက် ကမြောကင်းကျေးရွာ ကျေးလက်ဆေးပေးခန်းသို့ သွားရပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၁) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✔<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက်☐ | ရှိ ☐<br>မရှိ ✔ |
| တိုက်နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ✔<br>၅ မိုင် မှ ၁ဝ မိုင်☐<br>၁ဝ မိုင်အထက်☐ | ရှိ ✔<br>မရှိ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ သဲပုံကျေးရွာ၏ ကျန်းမာရေးဝန်ဆောင်မှုမှာ ကမြောကင်း ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းသို့ သွားရပါသည်။ ကျေးရွာမှ (၃)မိုင်ခန့်ကွာဝေးပါသည်။ ထိုဆေးပေးခန်းတွင် အခန်းနှင့် ကုတင်လုံလောက်မှု မရှိပါ။ ကျေးရွာနှင့် အိမ်နီးချင်းရွာများတွင် ရောဂါအငယ်များအတွက် ဆေးရောင်းချသည့် ဆေးဆိုင်လည်း မရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ ကျေးရွာသူ/သားများသည် ထားတယ်မြို့နယ် ပြည်သူ့ဆေးရုံသို့ အသွားများကြပါသည်။ မြို့နယ်ဆေးရုံမှာ ကျေးရွာမှ (၇/၃)မိုင်ကွာဝေးပြီး၊ အခန်း၊ ကုတင်၊ ဆေးဝါးများလည်း လုံလောက်စွာရှိ၍ ဆရာ၊ ဆရာမများလည်း နွေးထွေးယုယစွာ ပြုစုကြပါသည်။ ငွေကြေးတတ်နိုင်သူများအချို့မှာ ပုဂ္ဂလိဆေးရုံသို့ သွားကြပြီး ဆေးဝါးများ စုံလင်ကာ ဆရာ၊ ဆရာမများလည်း နွေးထွေးယုယစွာ ပြုစုကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ ကျေးရွာသူ/သားများသည် ထားဝယ်မြို့နှင့် နီးသဖြင့် ကျန်းမာရေး ဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရရှိပြီး၊ ကျန်းမာရေး အသိပညာဗဟုသုတများ အနည်းငယ် ကြွယ်ဝကြပါသည်။**

### (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

#### (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၂) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၁၂၅ | ကောင်း☐ သင့် ✔ ညံ့☐ | အသင့်အတင့် |
| အဝီစိတွင်း/ စက်တပ် | - | ကောင်း☐ သင့်☐ ညံ့☐ | |
| အဝီစိတွင်း/ တုံကင် | - | ကောင်း☐ သင့်☐ ညံ့☐ | |
| မိုးရေ သိုလှောင်ကန် | - | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | - | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | |

**ရင်းမြစ်**... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ သဲပုံကျေးရွာ အိမ်ထောင်စု အားလုံးသည် ရေတွင်းကို အသုံးပြုကြပါသည်။ မိုးရာသီနှင့် ဆောင်းရာသီတွင် ရေလုံလောက်စွာ ရရှိနိုင်သော်လည်း တပေါင်း၊ တန်ခူးလများတွင် အိမ်ခြေ(၅၀)ခန့် ရေရှားမှုနှင့် ကြုံတွေ့ရပါသည်။ ထိုအချိန်ခါမျိုးတွင် ရေကျန်ရှိသော အိမ်များ၌ ရေကိုမျှတသုံးစွဲကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် ရေတွင်းသုံးစွဲမှုမှ အပ ကျန်ရေရရှိနိုင်မှုများ မရှိပေ။

**(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

ဇယား (၂၃) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၀၀ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၂၅ |

**ရင်းမြစ်**... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ သဲပုံကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှုမှာ ရွာ၏ ၈၀% ခန့်ရှိပါသည်။ တွင်း/ဇလားအိမ်သာနှင့် တွင်းမရှိအိမ်သာ သုံးစွဲသော အိမ်ထောင်စုများ မရှိပါ။ သို့သော်လည်း အိမ်သာမရှိသော အိမ်ထောင်စု (၂၅)စုရှိပြီး ထိုသူများမှာ တစ်နေ့လုပ်မှ တစ်နေ့စားရသော ဆင်းရဲသား အိမ်ထောင်စုများဖြစ်ကြပါသည်။ထို့ကြောင့် တစ်ခါတစ်ရံ ဝမ်းပျက်၊ ဝမ်းလျှော ရောဂါများ ဖြစ်တတ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ၈၀%သည် ယင်လုံအိမ်သာများ သုံးစွဲသည့်အတွက် ကျန်းမာရေးဆိုင်ရာ ဗဟုသုတ အနည်းအငယ် ကြွယ်ဝသည်ဟု ဆိုနိုင်ပါသည်။ ထို့အပြင် အိမ်သာမရှိသော အိမ်ထောင်စုများအတွက် သန့်ရှင်းသော ယင်လုံ

အိမ်သာများ အသုံးပြုကြ ရေးအတွက် ကျန်းမာရေးဌာနနှင့် ရွာသူ/သားများ၊ NGO အဖွဲ့များနှင့် ပူးပေါင်းကာ အသိပညာ ပေး လုပ်ဆောင်ကြရန် လိုအပ်နေပါသည်။

(၈) ဘေးအန္တရာယ်များ

ဇယား (၂၄) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊ စိုက်ပျိုးရေး) | မရှိ |
| ၃ | ရေကြီးခြင်း | မရှိ |
| ၄ | မိုးခေါင်ခြင်း | မရှိ |
| ၅ | အအေးလွန်ကဲခြင်း | မရှိ |
| ၆ | မုန်တိုင်း | မရှိ |
| ၇ | ငလျင် | မရှိ |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် |
| ၁၂ | ငှက်ဖျားရောဂါ | မိုးရာသီတွင် အဖြစ်များ |
| ၁၃ | တီဘီရောဂါ | နိမ့် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | အနည်းငယ်ရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိ |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဲပုံကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်ရှိမှု အနေဖြင့် စားနပ်ရိက္ခာ မဖူလုံမှုမှာ မရှိသလောက်နည်းပါးပါသည်။ သဘာဝအရင်းအမြစ်များအနေဖြင့်လည်း စိုက်ပျိုးမြေနှင့် စိုက်ပျိုးရေ ရရှိနိုင်မှုမှာ လုံလောက်မှုရှိပါသည်။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ငလျင်၊မီးဘေး စသည့်တို့ မရှိပါ။ သစ်တောပြန်းတီးမှုမှာ အနည်းငယ်ရှိပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါမှာလည်း သိပ်မရှိပါ။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊လူကုန်ကူးမှုမရှိပါ။ မိုးရာသီကူးပြောင်းကာလများတွင် ငှက်ဖျားရောဂါ အဖြစ်များသော်လည်း အသက်ဆုံးရှုံးမှုများ မရှိပါ တီဘီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှု ရောဂါဖြစ်ပွားမှုမှာ အနည်းငယ် ရှိနေပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|

| | | |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | အရည်အသွေးနည်း |
| အပင်မျိုးစိတ်များ | နိမ့် | ရရှိရန်ခက်ခဲ |
| ရေအရင်းအမြစ် | နိမ့် | ကောင်း |
| ငါးမျိုးကွဲများ | - | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ သဲပုံကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် အလေ့အကျင့်၊ အခက်အခဲများမှာ မြေသြဇာအခြေအနေမှာ အရည်အသွေး နည်းပြီးပြုပြင်ရန်လိုအပ်နေပါသည်။စနစ်တကျ စိုက်ပျိုးရန် နည်းလမ်းကောင်းများနှင့် အထွက် တိုးနည်းပညာများအတွက် ဟောပြောပွဲ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ အပင်မျိုးစေ့ များအတွက် အန္တရာယ်ဖြစ်မှုမှာ နိမ့်ပါးပါသည်။ မျိုးစေ့အများစုမှာ ကောင်းမွန်နေသော်လည်း ဖျက်ပိုး နှင့် ရောဂါ ကာကွယ်ထိန်းချုပ်မှုအတွက် အန္တရာယ်ရှိမှုမှာ မြင့်မားနေပြီး အဓိကအားဖြင့် နည်းပညာများ လိုအပ်မှုတို့ကြောင့်ဖြစ်ပါသည်။**

**(၁၀) ကျား – မ ရေးရာ**

ဇယား (၂၆) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | *ရှိ*☐ | *မရှိ*✓ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | *ရှိ*✓ | *မရှိ*☐ |
| ၃ | **လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ** | *ရှိ*☐ | *မရှိ*✓ |
| ၄ | **အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု** | *ရှိ*✓ | *မရှိ*☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ သဲပုံကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ခေါင်းဆောင်ပြုလုပ်ခြင်းများ မရှိပါ။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့ အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက် ကြပါသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုမှာ အားနည်းနေပါသည်။ ထို့ကြောင့် တရားဥပဒေနှင့် ပတ်သတ်ပြီး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။**

နောက်ဆက်တွဲ (၃)

# ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

## (သဲပုံကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စိုက်ပျိုးရေး** | | | | | |
| ၁ | • လယ်များပျက်စီးခြင်း<br>• သီးနှံပျက်စီးခြင်း<br>• စပါးထွက်နှုန်းနည်းခြင်း | • ချောင်းမြောင်းတိမ်ကောခြင်း | • လယ်သမားများပူးပေါင်းပါဝင်ပေးနိုင်ခြင်း | • သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်မှုမရှိခြင်း | • ဆည်မြောင်းဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် | • ဆည်မြောင်းများ ပြန်လည်တူးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂ | • ပိုးနှင့်ရောဂါကျရောက်ခြင်း | • နည်းပညာဝန်ဆောင်မှုအားနည်းခြင်း | • နည်းပညာသင်တန်းများပေးပါက သင်ယူလိုစိတ်ရှိခြင်း | • စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်မှု အားနည်း ခြင်း | • စိုက်ပျိုးရေးပညာများ ရရှိအောင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း |
| ၂ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၃ | • အလုပ်အကိုင် ရှားပါးခြင်း | • ဒေသအတွင်းလက်မှုလုပ်ငန်းများနည်းခြင်း<br>• ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာအတတ်ပညာနှင့်ကျွမ်းကျင်မှုအားနည်းခြင်း | • သင်ယူလိုစိတ်ရှိခြင်း | • ကျေးရွာအုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်းခြင်း | • သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • အသက်မွေးဝမ်းကျောင်းပညာပေးသင်တန်းများ လိုအပ်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | **ပညာရေး** | | | | | |
| ၄ | • ကျောင်းအဆောက်အဦ မလုံလောက်ခြင်း | • ကျောင်းသားဦးရေတိုး လာခြင်း | • ကျောင်းဆောက်ရန်မြေ နေရာရှိခြင်း | • ငွေကြေးမတတ်နိုင် ခြင်း | • ပညာရေးဌာနနှင့် ချိတ်ဆက်၍ လိုအပ်ချက်များ တင်ပြတောင်းဆိုခြင်း၊ | • စာသင်ကျောင်းတိုးချဲ့ခြင်း လုပ်ငန်း (၆၀’×၄၀’) |
| ၄ | **ကျန်းမာရေး** | | | | | |
| ၅ | • သောက်သုံးရေ လုံ လောက်မှု မရှိခြင်း | • နွေရာသီတွင် ရေရှား ပါးခြင်း | • ကျေးရွာတွင် ခပ်ရန် နေရာရှိခြင်း | ဦးဆောင်မည့်သူမရှိခြင် း- | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • လက်တူးတွင်း(၄၈၁၂’)အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း |
| ၅ | **လမ်း၊ တံတား၊ လျှပ်စစ်** | | | | | |
| ၆ | • **ရွာချင်းဆက်လမ်း မကောင်းခြင်း** | • မြေသားလမ်းဖြစ်နေခြင်း | • **သက်ဆိုင်ရာဦးစီးဌာန နှင့် ချိတ်ဆက်မှုရှိခြင်း လုပ်အားပါဝင်ပေးနိုင် ခြင်း** | • **ငွေကြေးမတတ်နိုင် ခြင်း** | • **ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း** | • သာယာကုန်း_ သဲပုံ-ကျေးရွာ ချင်းဆက်လမ်း(၄၆၀၀’×၂၄’)အား ကွန် ကရစ် လမ်းအဖြစ် အဆင့်မြှင့် တင်ခြင်း<br>• ကျေးရွာတွင်းလမ်း(၁၀၅၀’×၁၂’× ၆”) ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း |
| ၇ | • **မိုးရာသီတွင်ရေများ ပြည့်လျှံခြင်း**<br>• **သွားရေးလာရေးခက်ခဲ ခြင်း**<br>• **အန္တရာယ်ရှိခြင်း** | • တံတားမှာ သက်တမ်း ကုန်ဆုံးနေခြင်း | • **ကျေးရွာမှလုပ်အား ပါဝင် ပေးနိုင်ခြင်း** | • **ငွေကြေးမတတ်နိုင် ခြင်း** | • **ကျေးရွာအုပ်ချုပ်ရေးမှူး မှ သက်ဆိုင်ရာဌာနတွင် တင်ပြတောင်းခံခြင်း** | • ကျေးရွာတွင်းလမ်းပေါ်ရှိ(၁၂’× ၁၀’×၁၀’)တံတားအား ပြန်လည် တည်ဆောက်ခြင်းလုပ်ငန်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၆ | လူငယ်ဖွံ့ဖြိုးရေး | | | | | |
| ၁ | • နီးစပ်ရာ ကျေးရွာများ တွင်သွားရောက်ကစားနေရခြင်း | • အားကစားကွင်းမရှိခြင်း | • လူငယ်များ အားကစား ပြုလုပ်ချင်သည့်စိတ်ရှိခြင်း | • မြေနေရာမရှိခြင်း<br>• မြေဝယ်ယူရန်ငွေကြေး မရှိခြင်း | • အလှူရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းဌာနများနှင့် ချိတ်ဆက်ခြင်း | • အားကစားကွင်းပြုလုပ်ခြင်း |
| ၉ | • တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းနည်းခြင်း | • လက်လုပ်လက်စားများ များခြင်း | • အတိုးနှုန်းကြီးစွာဖြင့် ချေးသူများရှိခြင်း | | • သက်ဆိုင်ရာ ကျေးလက်ဦးစီးဌာနသို့ ချိတ်ဆက်ခြင်း | မြစိမ်းရောင်ကျေးရွာစီမံကိန်း တင်ပြတောင်းခံခြင်း |

**နောက်ဆက်တွဲ(၄)**

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

| | |
|---|---|
| ကျေးရွာ | - သဲပုံ |
| ကျေးရွာအုပ်စု | - သာယာကုန်း |
| မြို့နယ် | - လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီ |

**စီမံချက်အမည်** - ကျေးရွာတွင်းလမ်း မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်း (၆၀၀'×၁၂'×၆")

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျေးရွာချင်းဆက်လမ်းသည် (၆၀၀) ပေရှိပြီး လမ်းအကျယ် (၁၈)ပေ ရှိသော မြေသားလမ်းဖြစ်ပါသည်။
- လမ်းမြေအမျိုးအစားမှာ ရွံ့မြေအမျိုးအစားဖြစ်ပြီး မိုးရာသီ၌ ခရီးသွားလာ ရာတွင် ရွံ့နွံများ၊ချိုင့်ခွက်များ ပြည့်နှက်နေပါသည်၊
- နွေရာသီတွင် ဖုန်ထူသော လမ်းဖြစ်သောကြောင့် ကျောင်းသား/သူများ ကျောင်းသွားရာတွင်လည်း ကောင်း၊ အမျိုးသမီးများ ဈေးအရောင်းအဝယ်ပြုလုပ်ရာတွင်လည်းကောင်း၊ နာမကျန်းသူများ ဆေးရုံ၊ဆေးခန်း သွားလာရာတွင်လည်ကောင်း၊ သာရေး/နာရေးကိစ္စများ ဆောင်ရွက်ရာတွင်လည်းကောင်း ခရီးမတွင်ဘဲ အခက်အခဲများစွာကြုံရပါ သည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊
- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊
- ကျန်းမာရေး အရေးပေါ် အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊
- သာရေး/နာရေးကိစ္စရပ်များဆောင်ရွက်ရာ၌ အဆင်ပြေစေရန်၊
- သံဃာတော်များ ဆွမ်းခံကြွရာတွင် သွားလာရ အဆင်ပြေစေရေန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကွန်ကရစ်လမ်း ခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေ လွယ်ကူလာမည်။
- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောင်းပျက်နှုန်း နည်းလာပြီး ပညာတတ်မြောက်သူဦးရေ များလာမည်။
- ကျန်းမာရေး အရေးပေါ် အခြေအနေတွင်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသောကြောင့် မြို့ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်နေရာများသို့ အချိန်မီ ပို့ပေးနိုင်ပြီး မတော်တဆ သေဆုံးမှု လျော့ကျလာပါလိမ့်မည်။
- သံဃာတော်များအတွက်လည်း လမ်းအခြေအနေကောင်းမွန်မှုကြောင့် စိတ်ချမ်းသာစွာဖြင့် ဆွမ်းခံကြွ နိုင်မည်။
- ထို့အပြင် နွေရာသီ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်းကောင်းနေသောကြောင့် အချိန်မီ တားဆီး နိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ကျေးရွာတွင်းလမ်း မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်း (၆၀၀'×၁၂'×၆")

| | |
|---|---|
| | |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀,၀၀၀,၀၀၀(ငွေသား)<br>• xxxxxxxxxx (ငွေသား)<br>• xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၁၃ | ၄၄၇ | ၈၆၀ | ၈ | ၃၁ | ၆၆ | ၂၀ | ၁၂၅ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၁၃ | ၄၄၇ | ၈၆၀ | ၈ | ၃၁ | ၆၆ | ၂၀ | ၁၂၅ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- **သဲပုံ**ကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (စတုတ္ထပတ်)

**(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၁၉ ခုနှစ်၊ မတ်လ (စတုတ္ထပတ်)

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- **ကျေးရွာတွင်း**လမ်းအား ကွန်ကရစ်ခင်းရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ လမ်းသုံး လမ်းသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

| | |
|---|---|
| ကျေးရွာ | - သဲပုံ |
| ကျေးရွာအုပ်စု | - သာယာကုန်း |
| မြို့နယ် | - လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီ |

စီမံချက်အမည် - သာယာကုန်း-သဲပုံကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၄၆၀၀'×၁၂' ×၆")

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျေးရွာချင်းဆက်လမ်းသည် (၄၆၀၀) ပေရှိပြီး လမ်းအကျယ် (၂၄)ပေ ရှိသော မြေသားလမ်းဖြစ်ပါသည်။
- လမ်းမြေအမျိုးအစားမှာ ရွှံ့မြေအမျိုးအစားဖြစ်ပြီး မိုးရာသီ၌ ခရီးသွားလာ ရာတွင် ရွှံ့နွံများ၊ချိုင့်ခွက်များ ပြည့်နှက်နေပါသည်၊
- နွေရာသီတွင် ဖုန်ထူသော လမ်းဖြစ်သောကြောင့် ကျောင်းသား/သူများ ကျောင်းသွားရာတွင်လည်း ကောင်း၊ အမျိုးသမီးများ ဈေးအရောင်းအဝယ်ပြုလုပ်ရာတွင်လည်းကောင်း၊ နာမကျန်းသူများ ဆေးရုံ၊ဆေးခန်း သွားလာရာတွင်လည်ကောင်း၊ သာရေး/နာရေးကိစ္စများ ဆောင်ရွက်ရာတွင်လည်းကောင်း ခရီးမတွင်ဘဲ အခက်အခဲများစွာကြုံရပါ သည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊
- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊
- ကျန်းမာရေး အရေးပေါ် အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊
- သာရေး/နာရေးကိစ္စရပ်များဆောင်ရွက်ရာ၌ အဆင်ပြေစေရန်၊
- သံဃာတော်များ ဆွမ်းခံကြွရာတွင် သွားလာရ အဆင်ပြေစေရေန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကွန်ကရစ်လမ်း ခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေ လွယ်ကူလာမည်။
- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောင်းပျက်နှုန်း နည်းလာပြီး ပညာတတ်မြောက်သူဦးရေ များလာမည်။
- ကျန်းမာရေး အရေးပေါ် အခြေအနေတွင်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသောကြောင့် မြို့ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်
- နေရာများသို့ အချိန်မီ ပို့ပေးနိုင်ပြီး မတော်တဆ သေဆုံးမှု လျော့ကျလာပါလိမ့်မည်။
- သံဃာတော်များအတွက်လည်း လမ်းအခြေအနေကောင်းမွန်မှုကြောင့် စိတ်ချမ်းသာစွာဖြင့် ဆွမ်းခံကြွ နိုင် မည်။
- ထို့အပြင် နွေရာသီ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်းကောင်းနေသောကြောင့် အချိန်မီ တားဆီး နိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- သာယာကုန်း- သဲပုံကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်း (၄၆၀၀'×၁၂'×၆") အား ခန့်မှန်းကုန်ကျငွေ (၇၈၀၀)ကျပ်သိန်းဖြင့် ဆောင်ရွက်ပါမည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ၁၀,၀၀၀,၀၀၀(ငွေသား)<br>• xxxxxxxxxx (ငွေသား)<br>• xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၁၃ | ၄၄၇ | ၈၆၀ | ၈ | ၃၀ | ၆၆ | ၂၀ | ၁၂၅ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၁၃ | ၄၄၇ | ၈၆၀ | ၈ | ၃၀ | ၆၆ | ၂၀ | ၁၂၅ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- **သဲပုံ**ကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (စတုတ္ထပတ်)

**(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၀ ခုနှစ်၊ မတ်လ (စတုတ္ထပတ်)

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- **ကျေးရွာတွင်း**လမ်းအား ကွန်ကရစ်ခင်းရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ လမ်းသူ လမ်းသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

နောက်ဆက်တွဲ(၆)

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

ကျေးရွာ - သဲပုံ
ကျေးရွာအုပ်စု - သာယာကုန်း
မြို့နယ် - လောင်းလုံး
တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီ

စီမံချက်အမည် - မြစိမ်းရောင်ကျေးရွာစီမံကိန်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျေးရွာနေပြည်သူများသည် ကျဘန်းအလုပ်သမားများ ဖြစ်ကြပြီး ငွေကြေးမပြည့်စုံသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။
- တနိုင်တပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားလုပ်ငန်းများ ဆောင်ရွက်ချင် စိတ်ရှိသော်လည်း အရင်းအနှီး မရှိသဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိပါ။
- ဌာနဆိုင်ရာများ အဝင်အထွက်နည်းသဖြင့် ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်များ နည်းပါးနေပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- တနိုင်တပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားလုပ်ငန်းများ ဆောင်ရွက်လာနိုင်စေရန်၊
- မိသားစုစားဝတ်နေရေး အသင့်အတင့် အဆင်ပြေစေရန်၊
- ရွှေ့ပြောင်းလုပ်သားများ လျော့နည်းစေရန်၊
- ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည် တိုးပွားလာစေရန်၊

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- တနိုင်တပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားလုပ်ငန်းများ ဆောင်ရွက်လာနိုင်ပါမည်။
- မိသားစုစားဝတ်နေရေး အသင့်အတင့် အဆင်ပြေလာပါမည်။
- ရွှေ့ပြောင်းလုပ်သားများ လျော့နည်းလာပါမည်။
- ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်တိုးပွားလာပါမည်။
- အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ ရရှိလာပါမည်။
- အတိုးရငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်လာနိုင်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

မြစိမ်းရောင်ကျေးရွာစီမံကိန်းအား (၃၀၀၀၀၀၀၀)ကျပ်ဖြင့် ဆောင်ရွက်ပါမည်။

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၃၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဦးစီး |
| • xxxxxxxxxx (ငွေသား) | • ကျေးရွာ |
| • xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၁၃ | ၄၄၇ | ၈၆၀ | ၈ | ၃၁ | ၆၆ | ၂၀ | ၁၂၅ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၁၃ | ၄၄၇ | ၈၆၀ | ၈ | ၃၁ | ၆၆ | ၂၀ | ၁၂၅ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- **သဲပုံ**ကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (စတုတ္ထပတ်)

**(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၀ ခုနှစ်၊ မတ်လ (စတုတ္ထပတ်)

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး မြစိမ်းရောင်ကျေးရွာ ကော်မတီ အဖွဲ့ ဖွဲ့စည်းပါမည်။
- လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- စီမံကိန်း လမ်းညွှန်ချက်များအား သေချာစွာလိုက်နာပြီး **အောင်မြင်စွာဆောင်ရွက်** ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- စီမံကိန်း ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော စီမံချက်များကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။